**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**

<u>အမိန့်ကြော်ငြာစာအမှတ် (၁၂ / ၂၀၂၀ )</u>
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

**စမ်းသပ်စိုက်ပျိုးရမည့် ဦးစားပေးသီးနှံများပြင်ဆင်သတ်မှတ်ခြင်း**

၁။ မျိုးစေ့ဥပဒေ ပုဒ်မ ၉ ၊ ပုဒ်မခွဲ (က) အရ မျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် စမ်းသပ်စိုက်ပျိုးရန်လိုသည့် **ဦးစားပေးသီးနှံ (၁၇) မျိုး** အနက် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် ကျင်းပခဲ့သော မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ (၄) မျိုးအားဖြေလျှော့ပြီး ကျန်ရှိသည့် အောက်ဖော်ပြပါ သီးနှံအုပ်စုများတွင်ပါဝင်သည့် **ဦးစားပေးသီးနှံ (၁၃) မျိုး၏ မျိုးသစ်မျိုးကွဲများအား ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု ရှိ မရှိ စမ်းသပ်စိုက်ပျိုး ရမည်ဖြစ်ကြောင်းနှင့်** ကျန်သီးနှံမျိုးသစ်မျိုးကွဲများအား Document အပြည့်အစုံဖြင့် မျိုးသစ်အသိအမှတ်ပြု လက်မှတ်လျှောက်ထားရန် ထုတ်ပြန်ကြေညာလိုက်သည်။

| စဉ် | နှံစားသီးနှံ များ | ပဲမျိုးစုံ သီးနှံများ | ဆီထွက် သီးနှံများ | ဥယျာဉ်ခြံ သီးနှံများ | စက်မှုကုန်ကြမ်း သီးနှံများ |
|---|---|---|---|---|---|
| (က) | စပါး | မတ်ပဲ | မြေပဲ | ဂေါ်ဖီထုပ် | ဝါ |
| (ခ ) | ပြောင်း | ပဲတီစိမ်း | နေကြာ | ပန်းမုန်လာ | ရော်ဘာ |
| (ဂ ) | | ကုလားပဲ | နှမ်း | | |
| (ဃ) | | ပဲစဉ်းငုံ | | | |

မှတ်ချက်။ ဖြေလျှော့ပေးသည့်သီးနှံများ(ဖရဲ၊သခွားမွှေး၊ငရုတ်နှင့်ခရမ်းချဉ်)တွင်ရောဂါ၊ ပိုးမွှား၊ဒဏ်ခံနိုင်ရည် ရှိသည်ဟု မျိုးစေ့အိတ်ခွံပေါ်တွင်ဖော်ပြလိုပါက အမှန်တကယ် ရောဂါဒဏ်ခံနိုင်ရည်ရှိ/မရှိ စမ်းသပ်စိုက်ပျိုးစစ်ဆေးရန်လိုအပ်မည် ဖြစ်ပါသည်။

၂။ အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၃၀.၄.၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၉/၂၀၁၈) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဥက္ကဋ္ဌ)
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ မျိုးစေ့ဥပဒေ/၀၂၅/၂၀၂၀/၃၄၇၅
ရက်စွဲ ၊ ၂၀၂၀ပြည့်နှစ်၊နိုဝင်ဘာလ ၁၇ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများ
တိုင်းဒေသကြီး/ ပြည်နယ်မျိုးစေ့တာဝန်ခံများ
မျိုးစေ့ကုမ္ပဏီများအားလုံး

**အမိန့်အရ**

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ